# လစဉ် ဈေးရောင်းပွဲနှင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော သောက်သုံးရေ ရှားပါးမှုအတွက် အထောက်အပံ့ပြုရန် ရန်ပုံငွေရှာ ဈေးရောင်းပွဲ ဖိတ်ကြားလွှာ

နေ့ရက်–၀၆–၀၆–၂၀၁၀ တနင်္ဂနွေနေ့
အချိန်–နံနက်(၁၀)နာရီမှ နေ့လည် (၂)နာရီ ထိ
နေရာ–ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာ
70 Market Street, Smithfield NSW 2164,
Phone : +61-2-9729-2343

## ဆစ်ဒနီမြို့နေ မြန်မာမိသားစုများ သိစေအပ်ပါသည်

ယနေ့မြန်မာနိုင်ငံတွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုကို ပြင်းထန်စွာ ခံစားနေကြရပြီး၊ သောက်သုံးရေ လွန်စွာရှားပါးမှုကို လူဦးရေ သိန်းပေါင်းများစွာ ခံစားနေကြရပါသည်။ မြန်မာနိုင်ငံရှိ စေတနာရှင်များ၏ ကူညီထောက်ပံ့မှုဖြင့် လုံလောက်မှုမရှိပါသဖြင့် နိုင်ငံရပ်ခြားရောက်ရှိနေသော မြန်မာလူမျိုးများ၏ ကူညီထောက်ပံ့မှုပါ အထူးလိုအပ်နေပါသည်။ အထူးအရေးတကြီး လိုအပ်နေသော အကူအညီဖြစ်ပါသဖြင့် ပဏ္ဍိတာရာမ ဓမ္မမိသားစုမှ ယခုလ ဈေးရောင်းပွဲနှင့်အတူ တပြိုင်ထည်းကျင်းပပြီး အလှူငွေကို အလျင်အမြန် လိုအပ်နေသောနေရာသို့ ပို့ဆောင် လှူဒါန်းပေးနိုင်ရန် ဆုံးဖြတ်ချက် ချလိုက်ပါသည်။ ဆစ်ဒနီရှိ မြန်မာလူမျိုး မိသားစုများကလည်း တက်ညီလက်ညီ မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီကြပါရန် နှိုးဆော်လိုက်ရပါသည်။ တဦးချင်းအလှူများကိုလည်း လက်ခံပါသည်။

## ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာ အဆောက်အဦးအသစ် ဆောက်လုပ်ရန် ဆုံးဖြတ်ခြင်း

ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာသည် ဓမ္မမိတ်ဆွေများ၏ ထောက်ပံ့အားပေး ကူညီမှုများကြောင့် သတိပဋ္ဌာန်ဝိပဿနာတရားစခန်းများ၊ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများ၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ/သားများအတွက် လောလောဆယ်အားဖြင့် သင်္ချာနှင့် ရူပဗေဒသင်တန်း၊ ဘာသာရေးနှင့် လူမှုရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။ သာသနာ့ရိပ်သာ ကျောင်းတွင်းရှိ လက်ရှိအဆောက်အဦးများသည် Council ၏ တရားဝင် အသိအမှတ်ပြုခံထားရခြင်း မရှိသေးပါ၊ လက်ရှိယောဂီများ နေထိုင်သောနေရာမှာ သွပ်ကာသွပ်မိုးဖြစ်ပြီး ယောဂီအရေအတွက်နှင့် မျှတခြင်းမရှိဘဲ ကျပ်တည်းကျဉ်းမြောင်းလှပါသည်။ တချို့ယောဂီများမှာလည်း Caravan ထဲတွင် အိပ်၍ တရားအားထုတ်ကြရသဖြင့် ရာသီဥတုဒဏ်ကို ဆိုးရွားစွာ ခံစားရပါသည်။ အိမ်သာအဆောက်အဦးနှင့် မီးဖိုချောင် ချက်ရေးပြုတ်ရေးကိစ္စများ လုပ်ရာတွင်လည်း Council standardနှင့် ကိုက်ညီမှုမရှိပါသဖြင့် အဆောက်အဦးအသစ်များ ဆောက်လုပ်ရန် မဖြစ်မနေ လိုအပ်နေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေရှည်အရေးကို မျှော်တွေးလျက် အဆင့်အတန်းမှီ သေသပ်ကောင်းမွန်သော နှစ်ထပ်အဆောက်အဦးတစ်ခု ဆောက်လုပ်ရန် အုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ချက် ချမှတ်လိုက်ကြပါသည်။ ပထမဦးစားပေးအနေဖြင့် (၂)ထပ်ယောဂီဆောင်တစ်ခုကို ဦးစွာဆောက်လုပ်ပြီး အိမ်သာများနှင့် မီးဖိုချောင်ကို ငွေကြေးအစဉ်ပြေသောအခါ ဆက်လက်ဆောက်လုပ်ကြရန် ဆုံးဖြတ်ကြပါသည်။ ဆရာတော်များနေသော လက်ရှိ အဆောက်အဦးမှာလည်း ခြံ,စားနေပါသဖြင့် နောင်တွင် အသစ်(၂)ထပ်ဆောက်လုပ်ရန် အစီအစဉ်များ ရေးဆွဲထားပါသည်။ သို့ဖြစ်ပါ၍ သာသနာအဓွန့်ရှည်ရေးအတွက် အထောက်အပံ့အဖြစ် လိုအပ်နေသော အဆောက်အဦးများ ဆောက်လုပ်ရာတွင် ငွေကြေးထောက်ပံ့မှုများ အထူးလိုအပ်နေပါကြောင်း ဓမ္မမိတ်ဆွေအပေါင်းအား အသိပေး နှိုးဆော်လိုက်ရပါသည်။

## သာဓုအနုမောဒနာ ခေါ်ကြပါကုန်

မေလ(၂၄)ရက်နေ့က ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာ၌ ကျင်းပသော ရန်ကုန်တိုင်း၊ မရမ်းချောင်းကျေးရွာ၊ အနာကြီးရောဂါသည်စခမ်းအတွက် ထောက်ပံ့ကူညီရန် ရန်ပုံငွေဈေးရောင်းပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ စေတနာ ရေစည်းကမ်းပြိုလိုက်ခါ လာရောက်အားပေး ဒါနပြုကြသော ဆစ်ဒနီမြို့နေ မြန်မာမိသားစုများ၊ နိုင်ငံခြားသားများ အားလုံးကို ဩဝါဒါစရိယဆရာတော်နှင့်တကွ ပဏ္ဍိတာရာမ ဓမ္မမိသားစုများက အူလှိုက်သဲလှိုက် အထူးကျေးဇူးတင်ရှိပါကြောင်း ဖွင့်ထုတ်ပြောကြားပရစေ...ဤကဲ့သို့ အရေးကြီးလာလျှင် သွေးစည်းကြတဲ့ မြန်မာလူမျိုးများရဲ့ စိတ်ဓာတ်ကို မြင်တွေ့ရတော့ ဝမ်းသာကြည်နူးခြင်း ဖြစ်ရပါတယ်။ ဈေးရောင်းပွဲမှ ရရှိငွေနှင့် တစ်ဦးခြင်းသီးသန့် အလှူငွေ စုစုပေါင်း AUD 3,600 ကို ပေးလှူလိုက်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ အားလုံးသော မြန်မာလူမျိုးများနှင့် နိုင်ငံခြားသားမိသားစုများ သာဓုခေါ်ဆိုနိုင်ကြပြီး ကျန်းမာချမ်းသာကြပါစေ...ဤသို့လှူဒါန်းရသော ကုသိုလ်ကောင်းမှု အစုစုကို အားလုံးသောဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့အားလည်း အမျှပေးဝေပါကုန်၏ ထိုမှတပါး အားလုံးသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အားလည်း အမျှပေးဝေပါကုန်၏ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကျန်ကုန်သော အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့အားလည်း အမျှပေးဝေပါကုန်၏ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ.. အမျှ–အမျှ–အမျှ ယူတော်မူကြပါကုန်လော့။

သာဓု.....သာဓု......သာဓု။

## အနာကြီးရောဂါသည်များအတွက် ဈေးရောင်းချပြီးလှူဒါန်းခဲ့သည့် အလှူရှင်များနှင့် တဦးချင်းလှူဒါန်းသည့်အလှူငွေများ

၁။ မမော်ရှမ်းနှင့်အဖွဲ့ AUD-810
၂။ ကိုမြတ်သူ+မမြင့်မြင့်မိုး AUD-400.00
၃။ ဦးခင်မောင်ဝင်း+ဒေါ်ရှုဘီ AUD-100.00
၄။ ဦးမောင်မောင်စိုး+ဒေါ်အုန်းကြည် AUD-154.00
၅။ ကိုရဲတင့်+မမူမူထွေး AUD-270.00
၆။ ကိုကြည်စိုး+မိသန္တာမွန် AUD- 55.00
၇။ ဦးရဲဝင်း+ဒေါ်သင်းသင်းရီ(Winnie) ခိုင်ဇာဝင်း၊ ရဲထွန်းဦး AUD-300.00
၈။ ထက်လှိုင်ဝင်း၊ မိဇာ၊ မနဒီ၊ ရန်အောင်၊ ထက်အောင်၊ ဇော်လင်းနှင့် မြတ်ဖြိုးထွန်း AUD-255
၉။ ကိုသာကျော်+မတင်တင်ချို မိသားစု AUD-150
၁၀။ Mark နှင့် မတင်မာချို AUD-125.00
၁၁။ ဦးသိန်းသန်းထွန်း+ဒေါ်သန္တာတင့် AUD- 70.00
၁၂။ ဦးထွန်းဝင်း+ဒေါ်စီစီ၊ မယဉ်ယဉ်အောင် AUD-325.00
၁၃။ ဦးဝင်းမြင့်သိန်း+ဒေါ်စန်းစန်းအေး AUD-150.00

### တစ်ဦးချင်းအလှူရှင်များ........

၁။ Mark နှင့် မတူးမာ AUD- 30.00
၂။ ဦးဝင်းမြင့်+ဒေါ်ခင်းနှင်းမြင့် AUD- 20.00
၃။ ဦးမောင်မောင်သောင်း AUD- 50.00
၄။ ကိုဆေးလင်း AUD- 60.00
၅။ ကိုဝလေး AUD- 100.00
၆။ ကိုဇင်ပိုင် AUD-100.00
၇။ မခင်ပိုးဥ AUD- 100.00
၈။ ကိုတင်ကိုနှင့် ဇနီး(Northmead) AUD- 50.00
၉။ ဦးစိုးသိန်း+ဒေါ်ဖြူဖြူခိုင် (ရတနာကုန်သည် ကျောက်မြောင်း ရန်ကုန်) AUD- 50.00
၁၀။ ဦးမောင်မောင်လေး(Morris) ဒေါ်ကြည်ကြည်အောင်(အငြိမ်းစားဓာတုဗေဒဌာန၊ ဝ/သတက္ကသိုလ်၊ ရန်ကုန်) AUD- 50.00
၁၁။ Sister Helen Sullian St Joseph Convent Portland AUD- 50.00
၁၂။ ဦးဘဖြူ (သမီး) ဆွေစန္ဒီ AUD- 25.00
၁၃။ ဦးစိုးမြင့် (Quaker Hill) AUD- 50.00
၁၄။ မြဝတီရဲခေါင်နှင့် သားမြေးများ AUD- 100.00
၁၅။ ဦးအောင်ကျော်ထွန်း +Paew AUD- 50.00
၁၆။ ကိုဖြိုးသုမောင် AUD- 50.00
၁၇။ မသူဇာ AUD- 20.00
၁၈။ Carmen and Thao Te AUD- 35.00

နည်းများမဟူ စေတနာသဒ္ဓါ တတ်အားသလောက် အလှူအတန်းပြုကြသော အားလုံးသောအလှူရှင်များ ဘဝဆက်တိုင်း သုဂတိဘုံ၌သာ ပေါ်ထွန်းကြ၍ ပါရမီပြည့်မောက်ခါ နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ကြပါစေ။

## ဒီလ စားစရာတွေကတော့ စုံလို့ပါဗျာ...........

### (၁) ''ရွှေဘ'' မုန့်ဟင်းခါး

ကျွန်တော်တို့ငယ်ငယ်၊ လွန်ခဲ့တဲ့ နှစ်ငါးဆယ်ဝန်းကျင်ကပါ။ အထူးသဖြင့် တောရွာဒေသမှာဖြစ်ပါတယ်၊ အစိုးရ ဗဟို ရုပ်ရှင်က ရုပ်ရှင်ကားများ သွားရောက်ပြသကြတဲ့အခါ ''ရွှေဘ''ပါတဲ့ ရုပ်ရှင်မပါရင် ကြည့်သူ အလွန်နည်းပါတယ်။ ''ရွှေဘ'' ပါတဲ့ ရုပ်ရှင်ပါလာရင် ကွင်းလျှံသွားပါတယ်။ လူမိုက်ဘယ်လောက်များများ ရွှေဘနိုင်မှကြိုက်ပါတယ်။ ရွှေဘများခံလိုက်ရပြီ ဆိုရင် ရုပ်ရှင်ပိတ်ကားကို လူထုက ခဲနှင့်ပေါက်ပြီး ရုတ်ရုတ်သဲသဲဖြစ်ကာ ပွဲပျက်ရပါတယ်။ ဈေးရောင်းပွဲတွေမှာလည်း ''ရွှေဘ''လို နေရာယူတာက မုန့်ဟင်းခါးလေ။ ဘယ်သူပဲချက်ချက် မုန့်ဟင်းခါးကိုစားရမှ ကျေနပ်ကြပြီး ဈေးရောင်းပွဲကို အရောက်လာတတ်ကြတယ်လေ။ ကွင်းလျှံသွားတာပေါ့...ကဲ ဘယ်သူချက်သလဲ ကြည့်အုန်း ပါးစပ်လေးများ ဟ,လိုက်ရင် Empire State Buildingကြီးလို တတိုင်တည်းသော သွားငုတ်တိုတစ်ချောင်းက တံခါးဝမှ ထိုင်စောင့်နေတဲ့ အစောင့်ကြီးလို အံကပ်များ မတတ်ဘဲနေရင် ပါးချိုင့်က Grand Canyon ကြီးပမာ စတိုင်က တယ်မမိုက်ပါဘူး။ အံကပ်တတ်လိုက်တော့မှ စစ်ကြိုခေတ်က မင်းသားကြီး ''ဘတင့်''လို ငယ်ရုပ်ထွက်လာပြီး ဂိုက်ဆိုက်က မိုက်တိုက်တိုက်နဲ့ ''ထွန်းမြိုင်''ဆိုတဲ့ အမည် နာမ ပိုင်ရှင်လေ........

အလှူရှင်နဲ့ မုန့်ဖတ်ပြုတ်ရင်း ပဲကြော်ရွရွလေးတွေ ကြော်ပေးကြမယ့်အဖွဲ့ကတော့... Juneလဖွားတွေဖြစ်တဲ့ ဒေါ်နွယ်နီ၊ ဒေါ်စီစီ ယဉ်ယဉ်အောင် မသန်းသန်းအေးနှင့် Shuh Yong

### (၂) ဆိုက်တို့ရက်ရှိုင်မုန့်တီ

ရခိုင်ရိုးမတောင်ကြီးကိုလည်း ဖြတ်ကျော်ပြီးလာခဲ့ရပါတယ်။ အိန္ဒိယသမုဒ္ဒရာကြီးကိုလည်း ဖြတ်ကျော်ပျံသန်းလာခဲ့ရ ပါတယ်။ အတိတ်ကံရဲ့ စေစားမှုကြောင့် အတိတ်ကတော်စပ်ခဲ့ရတဲ့ ဆွေမျိုးသားချင်းတွေကို ကိုယ်တိုင်ကိုယ်ကျ ချက်ကျွေးဖို့ ကံပါလာခဲ့လေသလား မသိ။ ဆစ်ဒနီဆိုတဲ့ နိုင်ငံရပ်ခြားမှာ အခုတော့ ကံကြွေးစပ်ခွင့်ရခဲ့ရပြီလေ။ ရသကလည်းအေးတော့ အာကာသဓာတ်လေးပွင့်မှ နေလို့ကောင်းသကိုး ပူပူစပ်စပ်လေး ''စစ်တွေ'' ရက်ရှိုင်မုန့်တီစစ်စစ်လေး လာရောက်သုံးဆောင် ကြပါအုံးလို့၊ ရင်ပူ ဖင်ပူရင်တော့ ကိုယ့်ပြဿနာ ကိုရှင်းကြနော်.

ကိုအောင်မြတ်စိုးနဲ့ ခင်မိမိကျော်တို့က လက်စွမ်းပြဖိတ်ခေါ်လိုက်ပါတယ်။

## (၃) ကျွတ်ကျွတ်ရွရွ၊ ဆိတ်သားကီးမားပလာတာနှင့် ဆိတ်ကလီစာဟင်း

ရန်နံ့လေးက သင်းလို့မွှေးလို့ ကျွတ်ကျွတ်ရွရွလေး ပါးစပ်တွင်းသွင်းပြီး ဝါးလိုက်ရင် လျှာပေါ်ပျော်သွားမတတ် အရသာရှိတဲ့ ကီးမားပလာတာလေး (စားဖူးခဲ့ရတာကို သတိတရပြောပြရတာပါ) ကိုယ်တိုင်ကြိုးစားလို့ထားပါတယ်။ လုပ်ရတာ လက်ဝင်တယ်လေ ကယိကထများ လွန်းလို့ အိမ်ကမောင်မောင့်ကိုတောင် လုပ်မကျွေးဖြစ်ပါဘူး။ ကိုယ့်ပရိသတ်ကြီးကို စားစေချင်လွန်းလို့သာ--

ရှူဘီ

## (၄) လုံးပါသော်ကော ရှမ်းထမင်းချဉ်

ရှမ်းတောင်သူများ စကားပြောရာမှာ ရိုးရိုးရှင်းရှင်း ပွင့်ပွင့်လင်းလင်း ဒဲ့ဒိုးပြောတတ်ကြပုံများ ပြောရအုံးမယ်။ တခါက ရှမ်းထမင်းချဉ်ရောင်းတဲ့ဆိုင်ကို ပျော်တတ်ရွှင်တတ်တဲ့ ရွှေဗမာတစ်ယောက်ရောက်သွားပြီး ဝယ်စားပါတယ်။ လုံးထားတဲ့ ရှမ်းထမင်းချဉ်ကိုမြင်တော့ စူးစမ်းတဲ့ အနေနဲ့ ဆိုင်ရှင်မိန်းကလေးကို ဘာဖြစ်လို့ လုံးထားရသလဲလို့ မေးပါတယ်။ ရှမ်းမလေး ဖြေကြားလိုက်ပုံက "နို့ ရှင်ကကော မလုံးလို့လား"တဲ့ ကိုရွှေဗမာကလည်း ရှက်သွားပြီး စိတ်ထဲကပဲပြောလိုက်ပါတယ် "လုံးပါသော်ကော မရှမ်းရယ်"တဲ့ "Ko Glenကလည်း လုံးပါသော်ကော-မခမ်းရယ်"တဲ့

Ko Glen and Ma Khan Leng

## (၅) သွားရည်ယိုစရာ မုန့်ပဲသရေစာနှင့် ဟင်းလျာများ

တလနှင့်တလ မထပ်ရအောင် စဉ်းစားရတာက အတော့်ကိုခေါင်းခဲရပါတယ်။ မြန်မာပြည်ကို အလွမ်းပြေအောင် မစားရတာကြာတဲ့ မုန့်လေးတွေနဲ့ ဟင်းလျာအထွေထွေကို စဉ်းစားပြီး ချက်ပြုတ်ပေးထားပါတယ်။ စားချင်တာရှိရင် ကြိုတင် ပြောထားရင်တော့ ကျမက ကျေးဇူးကမ္ဘာပါပဲ။

အားလုံးကို ရင်းနှီးခင်မင်လျက် ကိုဝင်းမြင့်သိန်းနှင့် မစန်းစန်းအေး

## (၆) တော်ဝင်ပတ္တမြား မုန့်ဟင်းခါးထုပ်၊ ပဲပြုတ်နဲ့လဘက်ရည်

မြန်မာပြည်မှာနေတုံးကတော့ ကိုယ့်အိမ်တွင်းမှာ ကိုယ်ပဲဘုရင် ကိုယ်ပဲသခင်။ အိမ်အပြင်ရောက်မှ ဟိုအဖွဲ့ဆိုရင်လန့်ရ၊ ဒီအဖွဲ့အသံကြားရင် အဖျားတောင်ဝင်ချင်ပါတယ်။ စကားတောင် ကျယ်ကျယ်မပြောရဲတဲ့ဘဝ နိုင်ငံခြားရောက်တော့ လွတ်ပြီကျွတ်ပြီလို့ထင်ခဲ့ရတာ ဘယ်ကလာဟုတ်လို့လဲ ဟိုဟာလေး ထွက်ဝယ်ပေးပါအုံး ကားကလေးမောင်းပို့ပေးပါအုံး အက်စ်တီးလောဒ်တို့ ဝိုင်အက်စ်ကေတို့ ဈေးချနေတုံး လိုက်ပို့ပေးပါအုံး ညှော်ခန်းမှာ ဖုံစုပ်ပေးပါအုံး ဒီကနေ့ အမိုက်ပုံးသိမ်းတဲ့ ရက်လေဆိုတာကပါသေးရဲ့ မြက်တွေရှည်နေပြီ ကြည့်မကောင်းပါဘူး Basin ထဲမှာ စားပြီးသားပုဂံတွေ ကြည့်ကောင်းတယ်နဲ့တူတယ်ဆိုတဲ့ မနက်ကစ အိပ်ခါနီးအထိ နေ့စဉ်ရွတ်လိုက်တဲ့ အိမ်ရှင်မရဲ့ အိမ်တွင်းသမ္ဗုဒ္ဓေလေ ပြောမှလုပ်တယ်လို့ အပြောကလည်းမခံချင်တော့ အလိုက်သိစွာနဲ့ ဝတ်ဖြည့်ပေးတော့လည်း အများသူငါကပြောကြသေးတယ် နိုင်ငံခြားရောက်မှ အပိုးကိုကြိုးလို့တဲ့ ဘယ်ဒေါင့်ကမှမလွတ်ပါလား ဘုန်းကြီးကျောင်းမှာ တလတခါ လဘက်ရည်ဆိုင်လေးဖွင့်ပြီး တလလုံး ကြိတ်ခဲထားခဲ့ရတဲ့ Stress အထုံးကိုမှ မဖြည်ရရင် မနေ့အမြန် အသက်တိုရဖို့ပဲရှိတော့တယ် ကဲဘဝတူတွေ အသက်ရှည်ရှည်နေချင်ကြရင် Pannywood က ငှက်ပျောတောထဲမှာ လဘက်ရည်သောက်ရင်း အကြိတ်ထုံးလေးတွေ ဖြည်ကြရအောင်လေ..

ခင်မောင်ဝင်း

## (၇) (ဖြည့်)ကြွက်သားပလာတာ

ဆစ်ဒနီမှာနေတာ အတော်ကြာခဲ့ပါပြီ ရှေးကုသိုလ်အကြောင်းကံ နည်းခဲ့လို့ထင်ပါရဲ့ တရားဘာဝနာ အထုံမပါခဲ့ဘူးလေ ဘုန်းကြီးကျောင်းနား ယောင်လို့တောင် အနားမသီခဲ့ပါဘူး တလောကမှ ဘလွတ်ရွတ်တွပြောတတ်ကြတဲ့ ပေါက်ကျော်မသူငယ်ချင်းနှစ်ကောင် Sharon Stoneနဲ့ Zeta Joneတို့ ဆောင်မမှုကြောင့် ပဏ္ဍိတာရာမကိုရောက်ခဲ့ပါတယ်၊ ဒီနှစ်ကောင်က ဘလွတ်ရွတ်တွသာပြောတတ်ကြပေမယ့် အလှူရေစက်က အမြဲလက်နဲ့မကွာ ရှိကြတယ်လေ သူတို့ကိုအားကျပြီး ကျမလည်း အရွယ်က ဗထက်ခြိုင့်ရောက်ပြီး ခန္ဓာမကြွေခင် အလှူဒါနလေးတော့ ပြုရအုံးမယ်ဆိုတဲ့ အသိတရားဝင်လာပြီးသကာလ ပါးစပ်က အာသီသရှိနေတဲ့ ပြည်ကြက်သားပလာတာလေးကိုချက်ပြီး လှူဒါန်းဖို့ ရည်ရွယ်လိုက်ပါတယ်။ ချက်တတ်လို့တော့ မဟုတ်ဘူးလေ နိုင်ငံကြားရောက်နေတဲ့သူ အတော်များများ အသုံးချနေကြတဲ့ ချက်နည်းပြုတ်နည်းစာအုပ်ကိုပဲ အားကိုးရမှာပါ မြန်မာပြည်မှာတော့ ဒီစာအုပ်တွေက သိပ်အသုံးမတဲ့ကြဘူးလေ ဟိုမှာက ပဲပြုတ်ဆီဆမ်း ကြက်ဥဟင်းကလေး ငပိရေ တို့စရာလောက်သာ အများသူငါက ကြိုက်ကြတာဆိုတော့(တတ်နိုင်တာကလဲ ဒါပဲလေ ဒါတောင် ဝင်ငွေကောင်းတဲ့မိသားစုမှ စားနိုင်ကြတာကလား ဟိုအထက်ကလူတွေတော့ စာရင်းထဲ ထည့်မတွက်ပါဘူး) တချို့မိသားစုများ ထမင်းရေကိုပဲ မက်မက်မောမော အတင်းကိုကြိုက်ပြစ်ကြရတယ်လေ ကျမတို့လို နိုင်ငံကြားမှာ နေကြတဲ့သူတွေကတော့ ကိုယ်ပဲသခင် ကိုယ်ပဲကျွန်ဆိုတော့ အပြင်လည်းအလုပ်ထွက်လုပ်ရ အိမ်တွင်းသန့်ရှင်းရေး အိမ်မှုကိစ္စကအစ ချက်ရေးပြုတ်ရေးအဆုံး မတတ်လို့ကမဖြစ်ဘူးလေ ဒါကြောင့်လည်း ချက်နည်းပြုတ်နည်း အထွေထွေစာအုပ်က ကိုယ့်ရဲ့ကျေးဇူးရှင်ကြီးသဖွယ် အိမ်တိုင်းမှာဆောင်ထားကြတယ်လေ ဒါကိုအားကိုးပြီး ဒါနလေးမြောက်သွားအောင် ပြည်ကြက်သား ပလာတာချက်ပြီး ဒါနပြုမှာမို့ သာသနာရေး အထောက်အပံ့ပေးဖို့ လာရောက်အားပေးကြပါလို့............ ကျမနာမည် ရှေ့ပိုင်းက ပါဠိလိုပေးထားပြီး မြန်မာလိုအဓိပ္ပါယ်က

‘‘အေးမြခြင်း’’တဲ့ နောက်ပိုင်း နာမည်ကတော့ တာဇံရုပ်ရှင်ကားထဲမှာ သစ်ပင် တစ်ပင်ကတစ်ပင်ကူးတိုင်း တာဇံအသုံးပြုတဲ့ ပစ္စည်းလေ..... ဟောလီးဝုဒ်က Halle Berry လို ရုပ်ကိုမြင်ချင်ရင်တော့ ဈေးရောင်းပွဲကို ကြွခဲ့ကြပါလို့

## (၈) အိပ်မက်ထဲက ကြက်ဥပူတင်း၊ ဝက်သားကောက်ညှင်း

စွဲစွဲလန်းလန်း စိတ်ထဲမှာတော့ ဘာမှမရှိပါဘူး တနေ့ ကျမတို့အိမ်ကို ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်တစ်ပါး ကြွလာပြီး ကျမလက်ထဲကို တော်တော်ကြီးတဲ့ ကြက်ဥကြီးတစ်လုံးထည့်ပေးပြီး ဉာဏ်ရှိသလိုသုံးလို့ပြောပြီး ပြန်ကြွသွားပါတယ်။ ကြက်ဥကြီးက လေးတာနဲ့ ကျမလက်ကို ပိသလိုဖြစ်ပြီး လက်ကိုရုံးထွက်တော့မှ အိပ်ယာကလန့်နိုးသွားပြီး အိပ်မက်မက်မှန်း သိလိုက်မိပါတယ်။ အဖြစ်မှန်ကတော့ ကျမရဲ့မောင်မောင်က ကျမလက်ဖဝါးပေါ်မှာ သူ့ခေါင်းတင်ပြီး အခန့်သား စတိုင်ကျကျနဲ့ အိပ်နေတာကိုး သူ့ခေါင်းကလည်း အိပ်မက်ထဲက ကြက်ဥကြီးလိုပဲလေ ဉာဏ်ရှိသလိုသုံးဆိုတဲ့ အိပ်မက်ထဲက အကြံအတိုင်း ကုသိုလ်အရေးကို ရှေ့တန်းထားပြီး ဈေးရောင်းပွဲမှာ ကြက်ဥပူတင်းလေးလုပ်ပြီး ဒါနလုပ်လိုက်ရပါတယ်။ အရသာရှိတဲ့ ဝက်သားကောက်ညှင်းလည်း စပါယ်ရှယ်စီစဉ်လို့ထားပါတယ်... သန္တာတင့်

အော် လူစင်စစ်က နေရင်းထိုင်ရင်း ကြက်ဥဘဝရောက်ရတဲ့ ကျနော့်အဖြစ်ကိုတော့ ကြားလို့မှကောင်းကြသေးရဲ့လား တော်သေးတာပေါ့ လိပ်ဥကြီးမမက်မိလို့ မိန်းမကို ကျေးဇူးတောင်တင်နေရပါသေးတော့တယ်................လင်တော်မောင် ကိုမိုး

## (၉) ဒံပေါက်၊ ယိုဒယားသဘော်သီးသုပ်နှင့် ကောက်ညှင်းချက်

အရင်လ,က ပြိုက်ကနဲကုန်သွားလို့ မစားလိုက်ရတဲ့သူတွေအတွက် ကြက်သားဒံပေါက်ကို ထပ်မံလို့ ချက်ပေးလိုက်ရပြန်ပါပြီ အလွန်လိုက်ဖက်တဲ့ ယိုးဒယားဆွမ်သန်(သဘော်သီးသုပ်)နဲ့ ကောင်းညောင်(ကောက်ညှင်း)ချက်ကိုလည်း ယိုဒယားကိုသွားပြီး စားဖို့မလိုပါဘူး ပဏ္ဍိတာရာမဘုန်းကြီးကျောင်းမှာ လာရောက်စားသုံးနိုင်အောင် မြင့်မြင့်မိုးက လက်မောင်းကြီးပြုတ်ထွက်သွားစမ်းပါစေ မမောတမ်းမပမ်းတမ်း အားစမ်းလို့ထားပါတယ်တဲ့.. ကိုမြတ်သူ+မြင့်မြင့်မိုး

## (၁၀) အသုပ်စုံ

မြန်မာလူမျိုးတွေထဲမှာ မေလနဲ့ ဇွန်လမွေးဖွားတဲ့သူတွေ အတော်များကြပါတယ်။ ကျန်တဲ့လ,များမှာ မွေးဖွားတဲ့သူတွေနဲ့ နှိုင်းစာရင်ပြောပါတယ် ဒါကလည်းမထူးဆန်းဖူးလေ ဝါလကင်းလွတ် သီတင်းကျွတ်ကို စောင့်မျှော်နေကြတဲ့ လူပျိုအပျိုတွေက ‘‘ပျို’’ဘဝကျွတ်ပြီး ‘‘ပြို’’ကျဖို့ တာစူတဲ့လ,လေ အနာဂတ်အတွက် မျိုးစေ့ချကျတဲ့လ,ပဲဆိုပါတော့ ကိုးလလွယ်ဆယ်လလွန်လို့ မေလနဲ့ဇွန်လလည်းရောက်ရော တပြွတ်ပြွတ် တသွတ်သွတ်နဲ့မွေးကြတော့ ကျမတို့လို ဇွန်လဖွားတွေ ထွက်လို့လာရတာပေါ့နော် ဒါက ဇွန်လဖွားတဲ့သူတွေ များတဲ့အကြောင်းရင်းကို ရှင်းပြရတာပါ ဒီလလည်း ဇွန်လဆိုတော့ ကျမတို့တသိုက်က ဒါနလေးလုပ်ပြီး လှူကြမယ်ပေါ့ နေ့နံတွေကလည်းစုံကြတော့ အသုပ်စုံလေးပဲ လုပ်ရအောင်လို့ အားလုံးသဘောတူလိုက်ကြတယ်လေ.. ဒေါ်စီစီ၊ ဒေါ်နွယ်နီ၊ မသန်းသန်းအေး၊ မယဉ်ယဉ်အောင်နှင့် Shuh Yong

## (၁၁) ပုဇွန်ကော်ပြန့်ကြော်နှင့် ကော်ပြန့်စိမ်း

လူမှုရေးနဲ့ကုသိုလ်ရေးဆိုတော့ ကျမကမနေသာဘူးလေ ပိုးကထ,လာတာ ရွရွကိုထိုးနေတာနဲ့ပဲ တတ်သလောက်မှတ်သလောက် လက်စလက်နလေးနဲ့ ကြိုးစားလိုက်ရပါတယ် လက်တိုလက်တောင်း ခိုင်းသမျှ ခေါင်းညိတ်ပြီးလုပ်ပေးရှာတဲ့(သူ့စိတ်ထဲ ဘယ်လိုရှိနေသလဲဆိုတာကတော့ ဘုရားမှ သိမှာပါ) မောင်မောင် Don ကလည်း အမြဲဘေးမှာရှိတော့ လုပ်ဖို့အားရှိတယ်လေ ဒီတော့လည်း တပိုင်တနိုင်တော့ လုပ်ပေးရမှာပေါ့ လတ်လတ်ဆတ်ဆတ်နဲ့ သန့်သန့်ပျံ့ပျံ့အတွက်တော့ စိတ်ချသာစား(တော်ရုံတန်ယုံ အမြင်မတော်တာ အသေးအဖွဲလေးတွေတော့ မမြင်ချင်ရောင်ဆောင်သွားးပေါ့)...........ကြည်ကြည်ဝင်း

စိတ်ထဲရှိတာလေးတော့– အင်း စိတ်ထဲမှာပဲ ထားလိုက်ပါတော့မယ်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဘဝရဲ့ နောက်ဆုံးညမှာပေါ့ ယသော်ဓရာရဲ့အဆောင်ကိုအသွား ခမ်းမဆောင်မှာ အမြင်မတော် အိပ်နေကြတဲ့ မောင်းမမိသံတွေကို မြင်ရတော့ လောကီရဲ့အနိဋ္ဌာရုံတွေကို ပို၍ပို၍ ရွံရှာစက်ဆုပ်လာတယ်လေ ယသော်ဓရာရဲ့ ခမ်းမဆောင်ဝအရောက် ခန်းစည်းကိုလည်းအလှပ် ဘုရားလောင်းမျက်နှာ တစ်ချက်မဲ့သွားပါတယ်။ ပုထုဇဉ်လူသားဘဝရဲ့ နောက်ဆုံးမဲ့ခြင်းပါပဲ မြင်ကွင်းအတိအကျကိုတော့ ဘုရားလောင်းတစ်ဦးပဲ သိမှာပါ လောကီကို စွန့်ခွါဖို့ တရှိန်ထိုး တွန်းပို့လိုက်တဲ့ မြင်ကွင်းဖြစ်ပါလိမ့်မယ်။ အဲဒီမှာပဲ ‘‘ဆန္ဒရေ မြင်းပြင်တော့’’လို့ ဖွားဖက်တော် ဆန္ဒအမတ်ကို ပြောလိုက်ပါတယ်။ လူ့သမိုင်းတွင်သွားတဲ့ စကားလုံးလေးပါ။ ကမ္ဘာပေါင်းလေးသင်္ချေနဲ့တသိန်း ဘဝပေါင်းများစွာမှာ အတူအတူ ပါရမီဖြည့်လာခဲ့တဲ့ ချစ်ဇနီး ယသော်ဓရာကို သံသရာအတွက် ဘိုင့်ဘိုင့် လုပ်လိုက်တာပါပဲ။ လောကုတ္တရာအလုပ် လုပ်ကြမယ့် ယောကျ်ားများအတွက် ဘုရားလောင်းချန်ရစ်ခဲ့တဲ့ ယောကျ်ားစကားတရပ်ပါပဲ ကျွန်တော့နှုတ်ကလည်း ‘‘ဆန္ဒရေ မြင်းပြင်တော့’’ဆိုတာလေး ထွက်လာလုဆဲဆဲ ‘‘ရှင်ကားပြင်တော့’’ဆိုတဲ့ မိုးချုံးသံအလား အမိန့်သံကြီးကို ကြားလိုက်ရတော့– တကယ့် နှုတ်က ထွက်လာတာက‘‘အစဉ်သင့်ပဲဟော့’’တဲ့ အဖြစ်ကတော့ အဲဒါပါဘဲ ကဲ Driver Duty လေး ဆင်းလိုက်အုံးမယ် အပေါင်းအသင်းတို့ရေ... ကို Don

### (၁၂) စုပေါင်းအကြော်စုံ

အဖော်လေးတွေခုံမင်တတ်ကြတဲ့သူတွေ အကြော်လေးတွေလဲ စုံစုံလင်လင် ဝါးကြယင်း ရေနွေးကြမ်းဝိုင်းလေး ဘေးမှာထား လေကလေးဖျန်းရင်း သတင်းစကားဆိုကြချင်ရင်တော့ အပြေးသာလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ စိတ်လက်ကလေး တွေလဲ ပြေရာပြေကြောင်း မိတ်ဖက်အသစ်လေးတွေလည်း တွေ့ရာတွေ့ကြောင်း စိတ်ဆန္ဒရှိခဲ့ရင်တော့ တွေးခါကြံ အဖြေမှန်ရှာ မနေနဲ့ ခေါင်းရှုတ်ပါတယ်။ တဆိတ် အမြန်ပြေးခါသာ လာခဲ့ကြပါလို့.....

မုန့်နှစ်ရဲ့ ရယ်စပိက ဒေါ်အေးသန်းရဲ့မူပိုင်၊ ကျွတ်ကျွတ်ရွရွလေးစားရဖို့ အိုးသူကြီးက ဒေါ်မြိုင်၊ မသက်နဲ့ ဝင်နီက ဝိုင်ကူဖို့ဘေးမှာထိုင် စမ်းစမ်းမိုးနဲ့ အမြင်မတော်သူတစုက ရောင်းပေးကြမြိုင်မြိုင်ဆိုင်။ ရွှေဖီမိုးလွတ် ရှမ်းလဘက်ခြောက် ဒကာ က ဦးထွန်းဝင်း+ဒေါ်စီစီ။ (ကြွလာကြသူ မိတ်ဆွေအပေါင်း ချမ်းမြေ့ကြပါစေ။)

### (၁၃) ချဉ်ပေါင်ကြော်၊ ငါးပုပ်ခြောက်ကြော်

မစားရသေးဘူး အသံကြားရုံနဲ့ သွားရည်တောင်ယိုလာပြီ စားလို့မြိန် ရေရှည်ခံတဲ့ ဟင်းလျာတွေ အိမ်မှာဆောင်ထား လို့ရအောင် ကြော်ထားပါတယ်။ အိမ်ရှင်မ မရှိတဲ့ လူပျိုကြီးတွေနဲ့ တကိုယ်ရေတကာယသမားတွေအတွက် စပါယ်ရှယ်လေ။ မြန်မြန်လာမှ စိတ်ချရမယ်...

စေတနာအပြည့်နဲ့ စိုးစိုးဦးနှင့် ဝါဝါ

### (၁၄) စပါယ်ရှယ်ဘယာကြော် စပါယ်ရှယ်စမူဆာ စပါယ်ရှယ်ကောက်ညှင်းပေါင်း

ဈေးရောင်းပွဲမှာ လူတွေချက်ပြုတ် လှူဒါန်းကြတာတွေ့ဖန်များတော့ အားကျတယ်လေ အသက်က(၇၀)ကျော်ပြီး အိမ်သူချက်တာပဲ တသက်လုံးထိုင်စားလာခဲ့တာ လက်ကြောကမတင်းနိုင်ဘဲကိုး သူများတွေလို တမျိုးတလေလောက်တော့ ချက်တတ်ချင်ပါတယ် ဒါပေမယ့် ချက်တတ်နေရင် အခိုင်းခံနေရမှာစိုးတော့ မလုပ်ဖြစ်ဘူးလေ တောက်တိုမယ်ရလေးတွေ လောက်သာ မျက်နှာလေးရအောင် လုပ်ပေးတာမျိုးလောက်ပဲရှိပါတယ်။ နိုင်ငံကြားရောက်တော့ ကိုယ့်လိုလူတွေလည်း မီးဖိုချောင်ဝင် အိမ်ရှင်မအဆူအငေါက်ခံပြီး မီးဖိုချောင်ကိစ္စ ဝိုင်းကူညီကြတော့ ကိုယ့်လိပ်ပြာ ကိုယ်မလုံတာနဲ့ ကြိုးစားပြီး ကြော်တာလှော်တာလေးလောက်တော့ လုပ်မှပဲလို့ စိတ်ဆုံးဖြတ်ပြီးလုပ်တော့လည်း ဖြစ်တာပါပဲ ဒါနဲ့ပဲ ဘယာကြော် စမူဆာတို့ ကြော်တတ်လာတာပဲ အိမ်ရှင်မကတောင် လက်လွှဲရလောက်အောင် ကျွမ်းလာပြီလေ အခုတော့ ကျည်ပွေ့အတက်ပေါက်ပြီပေါ့

ဦးထွန်းဝင်း+ဒေါ်စီစီ (အော်တာတော့လက်မခံသေးပါ)

### (၁၅) ရှမ်းခေါက်ဆွဲ

ကျမလည်း ဇွန်လဖွားတစ်ယောက်ဖြစ်လို့ ဒီလတော့ အလှူပွဲကြီးနဲ့ကြုံတာနဲ့ ဒါနကုသိုလ်လေးပြုချင်ပါတယ်။ ဖိတ်စာ ရိုက်နေတုန်း ခေတ္တရပ်ခိုင်းပြီး စာရင်းလေးပေးလိုက်ရပါတယ်။ ရှမ်းခေါက်ဆွဲလေးပါ ရောင်းမယ်ဆိုတာ သိစေချင်လို့ပါ

သင်းသင်းလွင်

## လေးစားစွာ ဖိတ်ခေါ်ပါသည်

လစဉ် ဈေးရောင်းပွဲများတွင် ကုသိုလ်ယူလှူဒါန်းလိုသူများနှင့် လုပ်အားပေးဒါနပြုလိုသူများကို ပဏ္ဍိတာ ရာမ ဓမ္မမိသားစုများက ရင်းနှီးခင်မင်စွာ ဖြင့် ဖိတ်ခေါ် အပ်ပါသည်။

ပန်းသရွေ့ချမ်းမြေ့ကြပါစေ။

## ဘာသာရေး ဗဟုသုတအခန်း
## သေလွန်သူတို့အား ရည်ညွှန်း၍ လှူသောကောင်းမှုကုသိုလ် အလှူအကျိုး၊
## မကောင်းမှုအကုသိုလ်၏အကျိုးကို သေလွန်သူတို့ ရရှိ မရှိ ပြဿနာကို ဖြေရှင်းချက်

မိလိန္ဒမင်းကြီးက အရှင်နာဂသိန်အား ''အရှင်မြတ် သေလွန်ပြီးသူတို့ကို ရည်ညွှန်း၍လှူသော ကုသိုလ်၏အကျိုးကို ထိုသေလွန်သူတို့ ရရှိပါသလား''ဟူ၍ မေးလျှောက်ရာ...''မင်းမြတ် အချို့သူတို့သည် ရကုန်၏။ အချို့သူတို့ မရရှိကုန်။ ငရဲသို့ကျရောက်သူ၊ နတ်ပြည်သို့ ရောက်သောသူ၊ တိရိစ္ဆာန်ဖြစ်သူနှင့် အစာကိုအံရသော ဝန္တာသိကပြိတ္တာ၊ စား၍မဝင် ဝတ်မွတ်သော ဥပ္ပိပါသပြိတ္တာနှင့် ဝမ်းခေါင်ပြောင်ပြောင်တောက် လောင်နေသော နိဇ္ဈာပတဏှိကပြိတ္တာမျိုးတို့ မရကြကုန်။ သူတပါး ပေးကမ်းမှုကိုမှီ၍ အသက်မွေးရသော ပရဒတ္တူပဇီဝိပြိတ္တာတို့သာ ရကုန်၏။ ထိုပြိတ္တာတို့ပင်လျှင် ပေးလှူသည်ကို သိကုန်တော်မူမှသာ ရကုန်၏''ဟု မိန့်တော်မူပါသည်။

မိလိန္ဒမင်းကြီးက ဆက်လက်၍ ''အသျှင်ဘုရား ထိုသို့ဖြစ်ပါမူ အကြင်သူတို့အား ရည်မှတ်၍ ပြုအပ်သည်ကို မရကြကုန်အံ့၊ ထိုအလှူသည် ခန်းချောက်ရာပါ၏။ အကျိုးမရှိရာပါသလော''ဟု မေးလျှောက်ရာ....အရှင်နာဂသိန်က ''မင်းမြတ် အလှူသည် အကျိုးမရှိမဟုတ် ပေးလှူသော ဒါယကာတို့သည်သာလျှင် ထိုအလှူ၏အကျိုးကို ခံစားရကုန်၏''ဟု မိန့်တော်မူလိုက်ပါသည်။ တဖန် မိလိန္ဒမင်းကြီးက ''အရှင်ဘုရား နာဂသေန တပါးသူသည် သူတပါး၏အသက်ကို သတ်လေ့ရှိသော၊ ကြမ်းတမ်းသော၊ သွေးစွန်းသောလက်ရှိသူဖြစ်သော၊ ပြစ်မှားတတ်သော စိတ်ရှိသူတို့သည် လူတို့ကိုသတ်၍ ကြမ်းကြုတ်သော အမှုကိုပြုလျှက် သေသွားသူတို့အား ''ငါ၏ ဤမကောင်းမှုကံအကျိုးသည် သေသွားသူတို့အား ရောက်ပါစေသတည်း''ဟု ရည်ညွှန်းအံ့ ထိုမကောင်းမှု၏အကျိုးသည် သေသွားသူတို့ထံအား ရောက်ပါသလော''ဟု မေးလျှောက်ရာ... မင်းမြတ် မရောက်ဟု မိန့်တော်မူပါသည်။

မင်းကြီးက တဖန် ''အသျှင်ဘုရား အကုသိုလ်အကျိုးသည် အဘယ့်ကြောင့် မရောက်ပါသနည်း အထောက်အထား ပြပါ''ဟု မေးလျှောက်ပြန်ရာ...အရှင်နာဂသိန်က ''မင်းမြတ် ဤပြဿနာကို မမေးထိုက်၊ မမေးသင့် ဖြေတတ်သူရှိ၏ဟူ၍ မမေးထိုက်သည်ကို မမေးသင့် ကောင်းကင်သည် အဘယ့်ကြောင့် မှီရာမရှိသနည်း၊ ဂင်္ဂါမြစ်သည် အဘယ့်ကြောင့် အထက် ရေဆန်သို့ မရှေ့ရှုမစီးသနည်း၊ ဤလူတို့သည်ငှင်း ဤငှက်တို့သည်ငှင်း အဘယ့်ကြောင့် ခြေနှစ်ချောင်း ရှိကုန်သနည်း၊ ဤသားသမင်တို့သည် အဘယ့်ကြောင့် အခြေလေးချောင်း ရှိကုန်သနည်း ဤအကြောင်းတို့ကိုလည်း သင် ငါ့ကို မေးလတံ့ဟု မိန့်တော်မူရာ..မင်းကြီးက အသျှင်ဘုရား အကျွန်ုပ်သည် ထိုပြဿနာကို ညှင်းဆဲလို၍ မေးလျှောက်သည်မဟုတ်ပါ၊ စင်စစ်သော်ကား ယုံမှားခြင်းကင်းရန်အလို့ငှာသာ မေးပါကုန်၏ဟု လျှောက်ထားပါသည်။

မင်းမြတ် မကောင်းမှုကိုပြုကျင့်သူ၊ အလိုမတူသူနှင့် အညီအမျှ မကောင်းမှုကံကို ခွဲဝေပေးခြင်းငှာ မတတ်နိုင်ပေ အကုသိုလ်သည် နည်းပါးသည်၏အဖြစ်ကြောင့် ပြုတတ်သူကိုသာ သိမ်းယူနိုင်၏။ ကုသိုလ်သည် များပြားသည်၏အဖြစ်ကြောင့် နတ်နှင့်တကွသောလောကကို လွှမ်းမိုးနိုင်၏ဟု မိန့်တော်မူလိုက်ပါသည်။ ထိုအခါ မိလိန္ဒမင်းကြီးက အသျှင်ဘုရား အကုသိုလ်သည် အဘယ့်ကြောင့် နည်းပါး၍ ကုသိုလ်သည် အဘယ့်ကြောင့် များပြားရပါသနည်းဟု မေးလျှောက်ရာ...''မင်းမြတ် ဤလောက၌ တစုံတယောက်သောသူသည် အလှူကိုပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်ကိုစောင့်သုံး၏ ထိုသူသည် ရွှင်ပျ၏၊ အလွန်ရွှင်ပျ၏၊ ပြုံးရယ်၏၊ ဝမ်းမြောက်၏၊ ကြည်လင်သောစိတ်ရှိ၏၊ နှစ်သက်စွာဖြစ်၏ ထိုသူအား အဆင့်ဆင့် နှစ်သိမ့်မှု ပီတိဖြစ်၏ နှစ်သိမ့်သောစိတ်ရှိသူအား အလွန့်အလွန် ကုသိုလ်တရားတိုးပွား၏။ မင်းမြတ် ယောကျ်ားသည် အနှစ်တစ်ရာ ကြာခဲ့သောအချိန်က ပြုအပ်သောကုသိုလ်ကိုလည်း အကယ်၍ဆင်ခြင်ငြားအံ့ ဆင်ခြင်တိုင်းဆင်ခြင်တိုင်း အလွန့်အလွန် ကုသိုလ်တရားတိုးပွား၏ ထိုယောကျ်ား၏ ထိုကုသိုလ်ကို အလိုရှိသူတို့နှင့်အတူ မျှဝေခြင်းငှာ တတ်နိုင်၏ မင်းမြတ် အကြင်အကြောင်းကြောင့် ကုသိုလ်သည် များပြား၏။ တဖန် ဆက်၍..မင်းမြတ် အကုသိုလ်ပြုသောသူသည် နောက်၌ နှလုံးမသာယာ၊ နှလုံးမသာယာသောသူ၏စိတ်ဓာတ်သည် တွန့်၏ ဆုတ်၏ ဆုတ်နစ်၏ မပျံ့ပျူး စိုးရိမ်၏ ပူပန်၏ အားယုတ်၏ အားကုန်၏ မတိုးပွား ထိုဖြစ်သောအခိုက်၌သာ ကုန်ခမ်း၏ မင်းမြတ် အကြင်အကြောင်းကြောင့် အကုသိုလ်သည်နည်း၏''ဟု မိန့်တော်မူပါသည်။

**အားလုံးရွှင်လန်း ချမ်းမြေ့ကြပါစေ**

**ပဏ္ဍိတာရာမ ဓမ္မမိသားစု**

## ဖြဟ္မာ့ပြည်နှင့် လူ့ပြည်ကြား အကွာအဝေး

**<u>ဝန်ခံချက်</u>**

ပိဋကတ်သုံးပုံ မြန်မာပြန်၊ သုတ္တာန်ပိုင်းရှိ၊ မိလိန္ဒပဉှာခန်းရှိ ဗြဟ္မာ့လောက ပဉှာအခန်းကို ကိုးကားပါသည်။

မိလိန္ဒမင်းကြီးက အသျှင်နာဂသိန်အား ''အသျှင်ဘုရားနာဂသေန ဤလူ့ပြည်မှ ဗြဟ္မာ့ပြည် အကွာအဝေးသည် အဘယ်မျှလောက် ဝေးကွာပါသနည်း''ဟု မေးလျှောက်လေသော်- မင်းမြတ် ''ဝေးကွာလှ၏ အိမ်အထွတ်မျှရှိသော ကျောက်တုံးကြီးသည် ဗြဟ္မာ့ပြည်မှ ကျလတ်သော် တနေ့နှင့် တညဥ့်အားဖြင့် ယူဇနာပေါင်း လေးသောင်းရှစ်ထောင်တိုင် လျောကျသော် လေးလကြာမှ မြေ၌တည်ရာ၏''ဟု မိန့်တော်မူပါသည်။ အသျှင်နာဂသိန်၏ ဖြေကြားချက်တွင် တွေ့ရသော ကိန်းဂဏန်းများကို အခြေခံ၍ ရူပဗေဒ(physics) အသိပညာသုံး၍ ဗြဟ္မာ့ပြည်နှင့် လူ့ပြည်ကြား အကွာအဝေးကို အောက်ပါနည်း(၂)နည်းဖြင့် ခန့်မှန်းကြည့်ကြပါစို့..

**ပထမနည်း** တွက်ချက်ရာတွင် အောက်ပါယူဆချက်များကို သုံးပါမည်။

''တနေ့နှင့် တညဥ့်ဟူသော စကားရပ်ကို တရက်''(သို့မဟုတ်) ၂၄-နာရီဟု ယူဆပါမည်။ ကျောက်တုံးကြီး ရွေ့လျားရာတွင် ကမ္ဘာမြေကြီး၏ ဆွဲအားတခုတည်းသာ သက်ရောက်နေသည်ဟု ယူဆပါမည်။ ကျောက်တုံးကြီးသည် ဖျမ်းမျှ တသမက်အမြန် (Uniform Speed) နှုန်းဖြင့် ရွေ့လျားနေသည်ဟု ယူဆရပါမည်။ ဤယူဆချက်သည် ကမ္ဘာ့ဆွဲအား (gravitational စက်ကွင်းမှ ဝေးကွာခဲ့လျှင် သာမန်ကန်၍ ကမ္ဘာ့ဆွဲအား စက်ကွင်းအတွင်း ရောက်ရှိလာပါက မမှန်တော့ပါ။ ရွေ့လျားရာ လားရာသည်လည်း နေနှင့် နေစကြာဝဠာအတွင်းရှိ ကမ္ဘာအပါအဝင် တခြားဂြိုလ်များ လှည့်ပတ်နေသော (rotalional plane) အတိုင်းဖြစ်လျှင် အထက်ပါယူဆချက်များကို သုံး၍မရနိုင်သဖြင့် ဂြိုလ်များ၏ (planetary plane) ကို ထောင့်မှန်ကျလားရာအတိုင်း ရွေ့လျားနေမှသာ အသုံးချနိုင်ပါမည်။

ကျောက်တုံးကြီး၏ တရက်အတွက် ပေါက်ရောက်ခဲ့သောခရီး (အမြန်နှုန်း) = ၄၈၀၀၀ ယူဇနာ ယင်းကို ဗြဟ္မာ့ပြည်မှ ကမ္ဘာမြေ(လူ့ပြည်)သို့သွားရန် ကြာသောအချိန် လေးလ (သို့မဟုတ်) ရက်ပေါင်း ၁၂၀-ဖြင့်မြှောက်သော် အကွာအဝေးကို ရပါသည်။ ဤတွင် ထိုခေတ်က တလလျှင် ရက်မည်မျှရှိသည်ကို အတိအကျမသိရပါသဖြင့် ယနေ့ခေတ်အရ တလလျှင် ဖျမ်းမျှ ရက်(၃၀)ဖြင့် တွက်ထားပါသည်။ အမှားအယွင်း အနည်းငယ်ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဗြဟ္မာ့ပြည်နှင့် လူ့ပြည်အကွာအဝေးမှာ ယူဇနာပေါင်း ၄၈၀၀×၁၂၀=၅,၇၆၀,၀၀၀ ဖြစ်ပါသည်။

**<u>ဒုတိယနည်း</u>**

ဤနည်းတွင် ကျောက်တုံးကြီး ဗြဟ္မာ့ပြည်မှ စတင်ရွေ့လျားလာသည်မှ လူ့ပြည်(ကမ္ဘာမြေမျက်နှာပြင် ရောက်သည်အထိ) အမှန်တကယ် ရွေ့လျားမှုဖြစ်စဉ်ကို ရူပဗေဒပညာ အသိတရားများနှင့် (Calculus)သင်္ချာကို အခြေခံ၍ တွက်ချက်ထားပါသည်။ ဤပညာအခြေခံ သဘောတရားများ နားလည်သူများအတွက်သာ ရည်စူးပါသည်။ ဤတွက်ချက်မှုတွင် တွက်ချက်မှု လွယ်ကူစေရန် အဓိကအကျဆုံး ယူဆချက်တစ်ခုမှာ ကျောက်တုံးကြီးပေါ်၌ ကမ္ဘာ့ဆွဲအား (tary gravitational force) တစ်ခုတည်းသာ သက်ရောက်နေသည်ဟူသောအချက်ကို ယူပါမည်။ အမှန်တကယ်မှု နေစကြာဝဠာအတွင်း နေ-အပါအဝင် အခြားသောဂြိုလ်များ၏ ဆွဲငင်မှု သက်ရောက်ခြင်းလဲ ရှိနေပါသည်။ နောက်တခုမှာ ကျောက်တုံးကြီးသည် (plane plane) ကို ထောင့်မှန်ကျ (<u>perfevdcilas)hysin)</u> လားရာအတိုင်း ရွေ့လျားနေသည်ဟု ယူဆပါမည်။






ME= ကမ္ဘာ့ဒြပ်ထု RE= ကမ္ဘာ့အချင်းဝက်

ro= လူ့ပြည်နှင့် ဖြတ္တားပြည်ကြား အကွာအဝေး

r= ကျောက်တုံး၏ အချိန်တချိန်၌ လူ့ပြည်မှ တိုင်း၍ရသော အကွာအဝေး

s= ဖြတ္တားပြည်မှ တိုင်းသော် ကျောက်တုံး၏ အကွာအဝေး။ ပုံအရ r=ro-s ဖြစ်သည်။ တနည်း |dr|=|ds| ဖြစ်သည်။

acceleration of boulder at any instant of time မှာ

$$g' = \frac{GME}{r2}$$

$$\boxed{\frac{d2r}{dt2} = \frac{GME}{r2}}$$

ယင်းသည် 2 nd Order non Lineor dilferential equation ဖြစ်၍ ဖြေရှင်းရခက်ခဲသဖြင့် တွက်ချက်ရ လွယ်ကူအောင် အောက်ပါ ယူဆချက်ကို သုံး၍တွက်သော် အဖြေမှန်မှ အနည်းငယ်လွဲသွားနိုင်ပါသည်။ သို့ပါသော်လည်း အကွာအဝေးကို မှန်းဆနိုင်မည်ဖြစ်၍ အကျိုး ကျေးဇူးရှိပါမည်။ ဖြတ္တားပြည်မှ စတင်ကျလာသော ကျောက်တုံးကြီး၏ initial velocity မှာ သုညဟု ယူဆပြီး ရွေ့လျောခါစ၌ acceleration ဖြင့် ကျဆင်းလာသည်ဟု ယူဆသော် အချိန် 't' ကြာလျှင်ရှိမည့် velocity

$$v = g'\,t$$

$$v = \frac{GME\,t}{r2}$$

$$\frac{dr}{dt} = \frac{GME\,t}{r2}$$

$$r2\,dr = GME\,t\,dt$$

သင့်တော်သော integration Lumit များသုံး၍ တွက်သော်

$$\int^{ro} r2\,dr = GME \int^{T} t\,dt$$

ဤတွင် T သည် ဖြတ္တားပြည်မှ လူ့ပြည်သို့ ရောက်သည်အထိ ကျောက်တုံးကြီး ကျဆင်းရန် ကြာခဲ့သော အချိန် (၄-လ) ဖြစ်ပါသည်။

$$\frac{ro^3}{3} = \frac{GME\,T^2}{2}$$

သင့်တော်သော တန်ဖိုးများ ထည့်၍တွက်သော် ဖြတ္တားပြည်မှ လူ့ပြည် အကွာအဝေးမှာ ro = 4004 -10 Km ရပါသည်။ သို့ဖြစ်ပါ၍ လူ့ပြည်နှင့် ဖြတ္တားပြည် အကွာအဝေးမှာ ကီလိုမီတာ (၄)သန်းခန့် ဝေးပါမည်။ မိုင်အနေအားဖြင့်ဆိုသော် 2.5millei mele ဝေးပါသည်။

တယူဇနာလျှင် (၈)မိုင် ရှိသည်ဟူသော ယူဆချက်ကိုသုံးသော် ပထမနည်းအရ တွက်ယူရရှိသော အဖြေမှာ မိုင်ပေါင်း ၄၆,၀၈၀,၀၀၀ တနည်း မိုင်ပေါင်း (၄၆)သန်း ဝေးပါသည်။ ကောက်ချက်ချသော် လူ့ပြည်နှင့် ဖြတ္တားပြည် အကွာအဝေးသည် မိုင်ပေါင်း (၁၀)သန်း အနည်းဆုံး ရှိပါလိမ့်မည်ဟူ၍သာ။

အကယ်၍ အထက်ပါ တွက်ချက်ပြမှုတွင် အမှားမြင်၍ ပြင်ပေးပါက ဝမ်းမြောက်စွာ လက်ခံပါမည်။